# ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေ
# လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မခင်မာသက်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်း၏အမည်မှာ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေလေ့လာချက်ဖြစ်ပါသည်။ ဤကျမ်းတွင် အခန်း ၅ ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။

အခန်း ၁ သည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဝေါဟာရ၏ အနက်အဓိပ္ပာယ်နှင့် ယေဘုယျ လက္ခဏာများ ဖြစ်ပါသည်။

အခန်း ၂ သည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေ၏ စီးဆင်းမှုအခြေအနေဖြစ်ပါ သည်။

အခန်း ၃ သည် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာပေများ လေ့လာချက်ဖြစ်ပါသည်။ ဤတွင် ဦးအောင်မြတ်ထွဋ် (၁၂၄၄–၁၃၁၃)၏ "အရှင်အာဒိစ္စဝံသ၏ ထေရာပါဒန်"၊ အရှင်ဇနကာဘိဝံသ (၁၂၆၁–၁၃၃၉) ၏ "တစ်ဘဝသံသရာ" (ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) အရှင် ဦးဥတ္တမသာရ (တောင်တန်းသာသနာပြုဆရာတော်) (၁၂၇၂ – ၁၃၅၇) ၏ "ဘုန်းကြီးမှတ်စု ခေါ် မှတ်စုပဒေသာ"၊ အရှင်ဥာဏိဿရ (ကုသိနာရုံ)၏ "မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံ"၊ ဝန်ထောက်မင်း ဦးညို၏ "ဗုဒ္ဓဘာသာသို့ ပြောင်းလဲလာခြင်းအတ္ထုပ္ပတ္တိကျမ်း"၊ ဆရာချယ် (၁၉၁၃–၁၉၉၆)၏ "ကျွန်တော့်ဘဝမှ သိကောင်းစရာများ" နှင့် ဦးဆန်းလွင်၏ "ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်ဆည်းကပ်လာသူတစ်ယောက်အကြောင်း" တို့ပါဝင်ပါသည်။

အခန်း ၄ သည် စာရေးဆရာများ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေများ လေ့လာချက် ဖြစ်ပါသည်။ ဤတွင် ဆရာပီမိုးနင်း (၁၂၄၅–၁၃၀၁) ၏ "ပီမိုးနင်း၏ပီမိုးနင်း"၊ ရွှေဥဒေါင်း (၁၂၅၁–၂၃၃၅) ၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ"၊ စစ်ကိုင်းဦးဘိုးသင်း (၁၂၅၂–၁၃၃၅)၏ "ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ"၊ ဟံသာဝတီဦးဘရင် (၁၂၅၆–၁၃၃၉)၏ "ဟံသာဝတီ ဦးဘရင်၏ ဦးဘရင်"၊ ဒဂုန်ရွှေမျှား (၁၂၅၇–၁၃၄၄)၏ "ဘဝနှင့်အတွေ့အကြုံ"၊ ဒဂုန်နတ်ရှင် (၁၂၆၀–၁၃၃၉)၏ "ဘဝခရီးစဉ်"၊ မဟာဆွေ (၁၂၆၂–၁၃၁၅)၏ "မဟာဆွေ၏မဟာဆွေ"၊ ရန်အောင် (၁၉၀၄–၁၉၉၅)၏ "နှစ်လေးဆယ်စာပေခရီး" နှင့် "ရန်အောင့်စာ ရန်အောင့်ဘဝ"၊ ဇဝန (၁၉၁၁– ၁၉၈၃)၏ "ဇဝန၏ဇဝန"၊ မန်းတင် (၁၉၁၇–၁၉၉၇)၏ "ပထမအရွယ်"၊ "ဒုတိယအရွယ်" နှင့် "ဒုတိယအရွယ် ၂"၊ သော်တာဆွေ (၁၉၁၉–၁၉၉၅)၏ "ကျွန်တော့်ဘဝဇာတ်ကြောင်းများ"၊ "၁"၊ "၂"၊ "၃"၊ "၄" တို့ ပါဝင်ပါသည်။

အခန်း ၅ သည် စာရေးဆရာမများ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေများ လေ့လာချက် ဖြစ်ပါသည်။ ဤတွင် ဒဂုန်ခင်ခင်လေး (၁၂၆၅–၁၃၄၃) ၏ "နှစ်ပေါင်း ၆၀"၊ ဂျာနယ်ကျော် မမလေး (၁၉၁၇–၁၉၈၂)၏ "ဘဝပုံရိပ်များ" နှင့်စိန်စိန် (၁၉၂၈–၁၉၇၂)၏ "ခရီးဝက်ပါ" တို့ ပါဝင်ပါသည်။

ဤကျမ်းတွင် ဖော်ပြပါပုဂ္ဂိုလ်အသီးသီးတို့၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေများကို လေ့လာတင်ပြရာတွင် စာခံပုဂ္ဂိုလ်များ၏စီစဉ်တင်ပြပုံ၊ စရိုက်သဘာဝ၊ အယူအဆရေးရာများ၊ ခေတ်ကြေးမုံ၊ လေသံနှင့် အရေးအသားလေ့လာချက်ဟူ၍ ကဏ္ဍများခွဲ၍ လေ့လာတင်ပြထားပါသည်။

ဤကျမ်းတွင်ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေများကို စီစဉ်တင်ပြရာတွင် သက်ဆိုင်ရာ စာခံပုဂ္ဂိုလ်အသီးသီးတို့၏ မွေးသက္ကရာဇ်ကိုမူတည်၍ စီစဉ်တင်ပြထားပါသည်။